# ကြက်ခြေနီ၏ အခြေခံမူ(၇)ချက်

7 Fundamental principles of the Red Cross

## 1 လူသားချင်းစာနာထောက်ထားခြင်း (Humanity)

- ကြက်ခြေနီ၏ အနှစ်သာရဖြစ်သည်။
- ကြက်ခြေနီဆိုသည်မှာ ဘေးဒုက္ခကျရောက်မှသာ ကူညီသည့်အဖွဲ့အစည်းမဟုတ်ဘဲ ကြိုတင်ပြင်ဆင်မှုများကိုပါ လုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း ပြသနေသည်။




## 2 ခွဲခြားမှုမရှိခြင်း (Impartiality)

- အကူအညီပေးရမည့်သူနှင့်ပတ်သက်၍ မခွဲခြားပါ။
- လိုအပ်မှုအတိုင်းအတာအလိုက်သာ ကူညီမည်။ ထို့ကြောင့်လိုအပ်မှုကိုဆန်းစစ်သိရှိနိုင်မည့် ကိုယ်ပိုင်နည်းလမ်းများ ကြက်ခြေနီတွင်ရှိသည်။
- လိုအပ်မှုရှိမရှိကို သတ်မှတ်ချက်များနှင့်အညီ ဆုံးဖြတ်သည်။



## 3 ကြားနေခြင်း (Neutrality)

- ကြက်ခြေနီသည် အမှားအမှန်ကို မဆုံးဖြတ် မစွပ်စွဲပါ။
- အငြင်းပွားမှုတွင် ပါဝင်ခြင်းမရှိသလို အငြင်းပွားရခြင်း၏ အကြောင်းရင်းများတွင်လည်းမပါဝင်ပါ။
- ကြားနေခြင်းကြောင့် လူသားတို့ခံစားနေရသော ဘေးဒုက္ခများကို လစ်လျူရှုခြင်းမဟုတ်။
- ကြားနေခြင်းကြောင့် အများ၏ ယုံကြည်စိတ်ချမှုကို ရရှိကာ အခြားသူများမသွားနိုင်သည့်နေရာကိုအရောက်သွားနိုင်ပြီး ထိခိုက်ခံစားရသူများကို ခွဲခြားမှုမရှိဘဲ ကူညီနိုင်သည်။
- ကြက်ခြေနီသည် မိမိဘာတွေလုပ်ခဲ့သည်ကိုသာပြောပြီး ဘာတွေတွေ့ခဲ့သည် မပြောပါ။



## 4 လွတ်လပ်ခြင်း (Independence)

- လူမှုကရုဏာလုပ်ငန်းများတွင် မည်သူ့ကိုကူညီရမည်ကို လွတ်လပ်စွာဆုံးဖြတ်သည်။
- နိုင်ငံတော်၏ လူမှုကရုဏာအခန်းကဏ္ဍတွင် အရန်အင်အားအဖြစ် ပါဝင်ဆောင်ရွက်သည်။
- အမျိုးသားကြက်ခြေနီအသင်းများသည် နိုင်ငံအစိုးရများက ဥပဒေအရ အသိအမှတ်ပြုဖွဲ့စည်းပေးထားသည့်အလျောက် သက်ဆိုင်ရာ နိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဥပဒေကိုလည်း လေးစားလိုက်နာရမည်။
- ကြက်ခြေနီသည် ရံပုံငွေအလို့ငှာ အလှူငွေအမျိုးမျိုးကို လက်ခံသော်လည်း လူမှုကရုဏာလုပ်ငန်းများလုပ်ဆောင်ရာတွင် အလှူရှင်၏ စွက်ဖက်မှုကို လက်မခံပါ။
- ကြက်ခြေနီလှုပ်ရှားမှုများတွင်သော်လည်းကောင်း၊ လုပ်နည်းလုပ်ဟန်များတွင်သော်လည်းကောင်း နိုင်ငံရေးကိစ္စများ ပါဝင်ပတ်သက်ခြင်း မရှိစေရပါ။



## 5 စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း (Voluntary Service)

- ကရုဏာနှင့် စာနာစိတ်ကြောင့်သာလျှင် စေတနာ့လုပ်အားရှင် ဖြစ်လာသင့်သည်။
- ကိုယ်ကျိုးစီးပွားသည် စေတနာ့လုပ်အားရှင်ဖြစ်ရခြင်း အကြောင်းအရင်းတစ်ရပ်မဖြစ်သင့်ပါ။
- ကူညီသူနှင့် အကူညီခံရသူနှစ်ဦး အပြန်အလှန် လေးစားရန်လိုသည်။
- အသင်းတွင် လစာယူ၍ အချိန်ပြည့်တာဝန်ထမ်းဆောင်သူနှင့် စေတနာ့လုပ်အားရှင်ဟူ၍ နှစ်မျိုးရှိသင့်သည်။ အခြေခံမူများကို အတိအကျလိုက်နာရန်သာ အရေးအကြီးဆုံးဖြစ်သည်။



## 6 စည်းလုံးညီညွတ်ခြင်း (Unity)

- နိုင်ငံတစ်နိုင်ငံတွင် ကြက်ခြေနီ (သို့မဟုတ်) လခြမ်းနီအသင်းတစ်သင်းသာရှိသင့်သည်။
- အသင်းကို တစ်နိုင်ငံလုံးအနှံ့တွင် ဖွဲ့စည်းထားရမည်။
- ကြက်ခြေနီသည် လူပေါင်းစုံကို ကိုယ်စားပြုသည့် အသင်းဖြစ်သည်။

ထို့ကြောင့်အသင်းအတွက် အသုံးတည့်မည့် အတတ်ပညာ၊ အသိပညာနှင့်ကျွမ်းကျင်မှု အမျိုးစုံကို ရရှိနိုင်သည်။



## 7 ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်း (Universality)

- လှုပ်ရှားမှုအဖွဲ့ဝင်အားလုံးတွင် တူညီသော ရည်ရွယ်ချက်သဘောတနှင့်အခြေခံမူများရှိသည်။
- အကူအညီလိုအပ်သောအသင်းကို ကျန်အသင်းများက ဝိုင်းဝန်းကူညီရန် တာဝန်ရှိသည်ဟု ခံယူထားကြသည်။
- အသင်းတစ်သင်းက အခြေခံမူများမှ သွေဖီလျှင် ကျန်အသင်းများကိုထိခိုက်သည်။

